**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်

**ရေကြောင်းညွှန်ကြားချက်၊ ၃ /၂၀၂၃**

# ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်ရေယာဉ်တွင် စီးနင်းလိုက်ပါမည့်ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ

**သက်ဆိုင်ခြင်း ။** ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်နှင့် ရေယာဉ်ဝန်ထမ်းများ

**ရည် ညွှန်း ချက်။** ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေ

ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်နှင့် ရေယာဉ်ဝန်ထမ်းများသည် ခရီးသည်တင်ရေယာဉ်တွင် စီးနင်းလိုက်ပါမည့် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်-

(၁) ရေယာဉ်ပေါ်တွင်သက်တမ်းရှိ ရေယာဉ်မှတ်ပုံတင်လက်မှတ်နှင့် ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်တို့သယ်ဆောင်ထားရှိပြီး ၊ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် မိတ္တူကို ရေယာဉ်ပေါ်၌ အများမြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရှိရမည်၊

(၂) ရေယာဉ်အန္တရာယ်ကင်းရှင်းစေရန် အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၃ အရ လုံလောက်သောရေယာဉ်ဝန်ထမ်းအင်အားထားရှိ၍ ရေယာဉ်ဝန်ထမ်းစာရင်းတွင် ဖော်ပြထားသော သက်ဆိုင်ရာလက်မှတ်ကိုင်ဆောင်ထားသည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်တို့ဖြင့်သာ ရေယာဉ်ကိုမောင်းနှင်ရမည်၊

(၃) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်၌ ခွင့်ပြုထားသည့် ခရီးသည်ဦးရေထက်ကျော်လွန်၍လည်းကောင်း၊ ဝန်တင်မျဉ်း မြုပ်သည်အထိလည်းကောင်း ခရီးသည်နှင့် ကုန်စည်များကို တင်ဆောင်ခြင်းမပြုရ၊

(၄) ခရီးသည်များ အန္တရာယ်ကင်းရှင်းစေရန် ရေယာဉ်၏ ဘေးတစ်ဖက်တစ်ချက်တွင် လုံလောက်သော အရံအတားများ စီမံထားရှိရမည်၊

(၅) ဆိပ်ကမ်း၌ ခရီးသည်များ အတက်၊ အဆင်း ပြုလုပ်သည့်အခါ အန္တရာယ်တစ်စုံတစ်ရာ မရှိစေရန် လိုအပ်သော အစီအမံများထားရှိရမည်၊

(၆) ခရီးသည်များ လိုက်ပါစီးနင်းရန် သတ်မှတ်ထားသည့်နေရာ၌ ကုန်စည်များ တင်ဆောင်ခြင်း မပြုရ၊

(၇) ခရီးသည်နှင့် ကုန်စည်များကို ရေယာဉ်၏အမိုးပေါ်တွင်လည်းကောင်း၊ ဘေးလျှောက် လမ်းနှင့် အခြားတားမြစ်ထားသော နေရာများတွင်လည်းကောင်း တင်ဆောင်ခြင်း မပြုရ၊

(၈) ခရီးသည်များနှင့် ရေယာဉ်ဝန်ထမ်းများ အားလုံးအတွက် လုံလောက်သော အသက် ကယ်အင်္ကျီများ ပါရှိရမည်ဖြစ်ပြီး အလွယ်တကူ အသုံးပြုနိုင်ရန် ထားရှိရမည်၊

(၉) ရေယာဉ်၏ဦးပိုင်းနှင့် ပဲ့ပိုင်းတို့တွင် အသက်ကယ်ဘောကွင်းများအား အလွယ်တကူ အသုံးပြုနိုင်ရန် အသင့်အနေအထား ချိတ်တွဲထားရှိရမည်၊

(၁၀) ရေယာဉ်၏ ဘေးတစ်ဖက်တစ်ချက်တွင် ပေ(၁၀၀) အရှည်ရှိသော အသက်ကယ်ကြိုး ၏အစတစ်ဖက်ကို အသက်ကယ်ဘောကွင်းတွင်ချည်၍ ကျန်အစတစ်ဖက်အား ရေယာဉ်၏ကိုယ်ထည်တွင် ချည်နှောင်ထားရှိပြီး အသက်ကယ်ဆယ်နိုင်ရန် အသင့် ပြင်ဆင် ချိတ်ဆွဲထားရှိရမည်၊

(၁၁) မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်၊ မီးသတ်ရေပုံးနှင့် သဲပုံးကဲ့သို့ မီးသတ်ပစ္စည်းများအား အသင့်အနေအထား အသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းထားရှိရမည်၊

(၁၂) ရေထဲသို့ လူပြုတ်ကျသည်ကို မြင်တွေ့ပါက အသံကျယ်လောင်စွာဖြင့် အချက်ပေး နိုင်သည့်ကိရိယာများကို အလွယ်တကူ အသုံးပြုနိုင်ရန် ခရီးသည် ဝင်ပေါက်နေရာ၊ ခရီးသည်များ လိုက်ပါစီးနင်းရာနေရာ၊ ပဲ့စင်နှင့် စက်ခန်းနေရာတို့တွင် တပ်ဆင်ထား ရှိရမည်၊

(၁၃) ခရီးသည်တင်ရေယာဉ် ညအိပ်ရပ်နားသည့်အခါ ခရီးသည်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ရေယာဉ်ဘေးလျှောက်လမ်းများတွင် လုံလောက်သော အလင်းရောင် ထွန်းညှိထားရန်နှင့် အလှည့်ကျစောင့်ကြည့်ဝန်ထမ်းများ ထားရှိရမည်၊

(၁၄) ရေယာဉ်၏ တက်မစင်ရှိ ဆလိုက်မီးနှင့် လက်နှိပ်ဓါတ်မီးများအား အသုံးပြုနိုင်ရန် အဆင်သင့်ထားရှိရမည်၊

(၁၅) ဆလိုက်မီးနှင့် လက်နှိပ်ဓါတ်မီးများအတွက် မီးသီး(bulb)နှင့် ဓါတ်ခဲအပိုများ လုံလောက်စွာ ထားရှိရမည်၊

(၁၆) ခရီးသည်တင်ရေယာဉ် ဆိပ်ကမ်းမှမထွက်ခွာမီ သို့မဟုတ် စတင်ထွက်ခွာသည့်အချိန်၌ အသက်ကယ်ပစ္စည်းများ ထားသိုသည့်နေရာများ နှင့် ယင်းတို့အားအသုံးပြုပုံ၊ အရေးပေါ်အခြေအနေတွင် ရေယာဉ်ဝန်ထမ်းများ နှင့် ခရီးသည်များ ရောက်ရှိရမည့် စုရပ်နေရာများအား ရှင်းလင်းစွာသိရှိနိုင်ရန် သရုပ်ပြဆောင်ရွက်ရမည်၊

(၁၇) ခရီးသည်တင် ရေယာဉ်များလိုက်နာဆောင်ရွက်ရမည့် အရေးပေါ်အခြေအနေ လေ့ကျင့်ခန်းများကို စီမံချက်များထားရှိ၍ လိုက်နာဆောင်ရွက်ရမည်၊

(၁၈) အလှည့်ကျစောင့်ကြည့်ဝန်ထမ်းမှ ရေယာဉ်လုံခြုံရေးအတွက် ရေယာဉ်ဘေး ပတ်ဝန်းကျင်အား အမြဲတမ်း စောင့်ကြည့်စစ်ဆေးရမည်၊

(၁၉) ခရီးသည်တင်ရေယာဉ်ပေါ်သို့ မူးယစ်သေစာ သောက်စားထားသူများ လိုက်ပါစီးနင်းခြင်းမပြုစေရေးနှင့် ရေယာဉ်ပေါ်တွင် မူးယစ်သောက်စားခြင်း မပြုစေရေးတို့အတွက် ရေယာဉ်ဝန်ထမ်းများက စိစစ်တားမြစ်ရမည်၊

(၂၀) ခရီးသည်များ မြင်နိုင်ရန် အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးစာတန်းနှင့် ပိုစတာများ ပြသထားရမည်၊

(၂၁) အရေးပေါ်အခြေအနေကြုံတွေ့လာပါက ဆက်သွယ်ရမည့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်ပိုင်ရှင်အသင်း၊ ဆိုက်ကပ်မည့် ဆိပ်ကမ်းမှ တာဝန်ခံအရာရှိများ၊ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီတို့၏ တယ်လီဖုန်းနံပါတ်များကို လူအများမြင်သာသည့် နေရာများတွင် ပြသထားရမည်။

Ko Ko Naing

ဒေါက်တာကိုကိုနိုင်
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း

ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း

မိတ္တူကို

ဥပဒေနှင့်နည်းပညာစံများဌာနခွဲ၊
ရေကြောင်းအင်ဂျင်နီယာဌာနခွဲ၊
ရေကြောင်းဌာနခွဲ၊
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ (အထက်မြန်မာပြည်)၊
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ (အောက်မြန်မာပြည်)၊
သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများ၊ ရေယာဉ်ပိုင်ရှင်များနှင့် ရေယာဉ်အသင်းများသို့ ဆက်လက်ဖြန့်ဝေသွားရန်
ရုံးလက်ခံ။